သာဂရကျေးရွာ

သာဂရကျေးရွာအုပ်စု၊ သုံးခွမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

သာဂရကျေးရွာ၊သုံးခွမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ဒီဇင်ဘာလ

# <u>မာတိကာ</u>

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | စကားချီး | ၁ | ၂ |
| ၂ | သာဂရကျေးရွာ သယံဇာတပြဓမ္မပုံ၊ သုံးခွမြို့နယ် | ၃ | ၃ |
| ၃ | ရာသီခွင်ပြ ပြက္ခဒိန် | ၄ | ၄ |
| ၄ | အဖွဲ့အစည်းအချိတ်အဆက်ပြ မြေပုံ | ၅ | ၅ |
| ၅ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ | ၆ |
| ၆ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၆ | ၆ |
| ၇ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ | ၆ |
| ၈ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ | ၇ |
| | (ဂ) စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၈ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ | ၈ |
| ၉ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၈ | ၉ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၉ | ၉ |
| | (ခ) ကျေးရွာမီးလင်းရေး | ၉ | ၉ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၉ | ၉ |
| ၁၀ | ပညာရေး | ၉ | ၁၀ |
| ၁၁ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၀ | ၁၀ |
| ၁၂ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ | ၁၁ |
| ၁၃ | ဦးစားပေး ဆောင်ရွက်မည့် အဆိုပြုစီမံချက်များ | ၁၂ | ၁၂ |
| ၁၄ | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း | ၁၃ | ၁၃ |
| ၁၅ | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ | ၁၄ | ၁၆ |
| ၁၆ | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား | ၁၇ | ၁၇ |
| ၁၇ | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၁၈ | ၁၉ |
| ၁၈ | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၁၉ | ၁၉ |
| ၁၉ | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၁၉ | ၂၁ |

| | | | |
|---|---|---|---|
| ၂၀ | နောက်ဆက်တွဲ (၇) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၄) | ၇၂ | ၇၄ |
| ၂၁ | နောက်ဆက်တွဲ (၈) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၅) | ၇၅ | ၇၇ |
| ၂၂ | နောက်ဆက်တွဲ (၉) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၆) | ၇၈ | ၈၀ |

**၁။ စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄/၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့သာဂရကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည်လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ သုံးခွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၄ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

သာဂရကျေးရွာ

သုံးခွမြို့နယ်

## ၂။ သယံဇာတပြမြေပုံ



## .....ကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်

| အပြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာဆို | တပိုတွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | | | | | | | | | | | | |
| လက်လုပ်လက်စား မိသားစုများဝင်ငွေရရှိမှု | | | | | | | | | | | | |
| အသုံးစရိတ် | $$$ | $$$ | $$ | $$ | $$$ | $$$ | $$$ | $$$ | $$ | $$ | $$$ | $$$ |
| ချေးငွေလိုအပ်မှု | $ $ | $ $ | | | $ $ | $ $ | $ $ | $ $ | $ | $ | $$ | $$ |
| ဝမ်းစာမူလုံမှု | | | | | | | | | | | | |
| သောက်သုံးရေရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်အစာရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်ရောဂါ ကျရောက်မှု | | | | | | | | | | | | |
| ကျန်းမာရေး (ပျားနာခြင်း) | | | | | | | | | | | | |
| သီးနှံများရောဂါ ကုရောက်မှု | | | | | | | | | | | | |
| ပွဲတော် | | | | | | | | | | | | |
| သဘာဝဘေးအန္တရာယ် | | | | | | | | | | | | |

၁၁၁၀၇.....ကျေးရွာအဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ



## ၃။ <u>တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ</u>

သာဂရကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၏ အရှေ့ဘက်တွင် တည်ရှိပြီး သုံးခွ ဖရုံကန်-အောင်ပန်းစိန်-မရမ်းဘေးဆက်သွယ်ရေးလမ်းမဘေးတွင် တည်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးစိုက်ရာသည် သုံးခွမြို့နှင့် (၁၅မိုင်)ခန့်ကွာဝေး၍ ဆက်သွယ်သွားလာရေး အဆင်ပြေမှုရှိပါသည်။

ဗုဒ္ဓဘာသာအား ရွာလုံးကျွတ် ကိုးကွယ်ဆည်းကပ်ကာ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ဆန်စပါး၊ ပဲနှင့် အခြားခြံထွက်သီးနှံပင်များ စိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ အနီးဆုံးစျေးကွက်မှာ သုံးခွမြို့မစျေးဖြစ်ပြီး ၎င်းစျေးသို့ သုံးဘီးဆိုင်ကယ်များ၊ မော်တော်ကားများဖြင့် သွားရောက်ရောင်းဝယ်လျက်ရှိပါသည်။

ကျေးရွာ၏ အရှေ့ဘက်တွင် မင်းရွာအသင်းကျေးရွာတည်ရှိပြီး အနောက်ဘက်တွင် တံတားမြို့နယ်အပိုင်ကျေးရွာများဖြစ်သော မရမ်းဘေးကျေးရွာနှင့် တောင်ဘက်တွင် သာယာအေးကျေးရွာ၊ မြောက်ဘက်တွင် သစ်ဝင်ဆိပ်ကျေးရွာဟူ၍ တည်ရှိနေကြပါသည်။

မြေပြန့်ဒေသဖြစ်၍ မိုးစပါး၊ နွေစပါး၊ ပဲတီစိမ်းနှင့် အခြားရာသီသီးနှံများ စိုက်ပျိုးအောင်မြင်ပြီး အခြားစီးပွားရေးလုပ်ငန်းများအနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ အများအပြား ရှိပါသည်။

## ၄။ <u>ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ</u>

ရာသီဥတုမှာ မေလ(၁၅)ရက်မှ အောက်တိုဘာလ၊ နိုဝင်ဘာလအထိ မိုးများ၍ စွတ်စိုသော ရာသီဥတုကြောင့် လယ်မြေများတွင် မိုးစပါးအား သက်လတ်၊ သက်ကြီး စပါးမျိုးများ စိုက်ပျိုးကြကာ နွေစပါးတွင် သက်တမ်းမျိုး (၁၁၀)ရက် မျိုးစပါးများ ရွေးချယ်စိုက်ပျိုးပြီး မြစ်ရေ၊ ချောင်းရေတင်စနစ်ဖြင့် စိုက်ပျိုးကြပါသည်။ ဒီဇင်ဘာလ မိုးပြတ်ချိန်မှ မတ်လတွင် ရိတ်သိမ်းနိုင်ရန် တွက်ချက်စိုက်ပျိုးပါသည်။

## ၅။ <u>ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ</u>

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ရပ်ကျိုးရွာကျိုးသယ်ပိုးတွင် ကော်မတီအဖွဲ့များ အသီးသီးထားရှိပါသည်။ ၎င်းအဖွဲ့များတွင် အုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာနာယကအဖွဲ့မှ အားပေးကူညီ၍ ကျေးရွာလုံးကျွတ်သိရှိစေခြင်း၊ ပူးပေါင်းပါဝင်စေခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော် လုပ်ဆောင်ကြပါသည်။

## ၆။ <u>စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ</u>

သာဂရကျေးရွာရှိ ပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ဆန်စပါးနှင့် ကောက်ပဲသီးနှံစိုက်ပျိုးရေးလုပ်ငန်းတို့ ဖြစ်ပါသည်။ လယ်သများများမှာ မိုးစပါး၊ နွေစပါးနှင့် ပဲတီစိမ်းများ စိုက်ပျိုးကြပြီး လယ်ငယ်လုပ်ကိုင်သူနှင့် လက်လုပ်လက်စားများမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းအချို့ လုပ်ကိုင်၍သော်လည်းကောင်း၊ ရန်ကုန်မြို့ပေါ်ရှိ အထည်ချုပ်စက်ရုံကြီးများတွင် လခစားဝန်ထမ်းအဖြစ်သော်လည်းကောင်း လုပ်ကိုင်စားသောက်လျက် ရှိကြပါသည်။ အရင်းအနှီးမရှိသော မိသားစုများမှာ ကျပန်းလုပ်ငန်းများဖြစ်သော လယ်ယာလုပ်သားလုပ်ခြင်း၊ ရန်ကုန်မြို့နှင့် နိုင်ငံရပ်ခြားများသို့ သွားရောက်လုပ်ကိုင် စားသောက်ခြင်းများရှိပါသည်။

(က) သီးနှံစိုက်ပျိုးရေး

- ကျေးရွာတွင် အဓိက စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သော မိုးစပါးအား ဧန်လတွင် စိုက်ပျိုးကြ၍ ဆောင်းပဲသီးနှံဖြစ်သော ပဲတီစိမ်းကို ဒီဇင်ဘာလတွင် စိုက်ပျိုးကြပါသည်။ ပဲ၊စပါး စုစုပေါင်းစိုက်ဧက(၈၀၇)ဧကရှိပြီး မိုးစပါး ပျမ်းမျှအထွက်နှုန်းမှာ (၁)ဧကလျှင် တင်း(၆၀)မှ တင်း(၇၀)ထိ ထွက်ရှိပြီး ပဲတီစိမ်း(၁)ဧကလျှင် ပျမ်းမျှအထွက်နှုန်း (၁၀)တင်းမှ တင်း(၂၀)ထိ ထွက်ရှိပါသည်။
- စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးပစ္စည်းရောင်းကုမ္ပဏီအချို့မှ တောင်သူများအတွက် စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှား၊ ရောဂါကျရောက်မှု၊ မြေဩဇာသုံးစွဲမှုနည်းပညာများ၊ လာရောက်ကူညီပံ့ပိုးမှုများ ရှိပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းအတွက် အလုပ်သမားကို ငှားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်အား ဖြင့် မြင့်မားပါသည်။ လယ်သမားအများစုမှာ အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားကို ငှားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်မြင့်မားသည့် လယ်သမားအများစုမှာ အလုပ်သမားရှားပါးမှုနှင့် လုပ်အားခမြင့်တက်မှုကို ကျော်လွှားနိုင်ရန်အတွက် စပါးစိုက်ပျိုးရာတွင် တိုက်ရိုက်မျိုးစေ့ချ(ကြဲပတ်)စနစ်ကို အသုံးပြုလာကြသည်။ တခါတရံတွင် တောင်သူများသည် မိုးရွာသွန်းမှုမညီမျှခြင်းကို ရင်ဆိုင်ရတတ်သည်။ ပဲတီစိမ်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်မှုကို ပိုမိုတွေ့ရှိရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတစ်ချို့ကို ခံနိုင်ရည်ရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေး နည်းစနစ်ကို လိုလားနေကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

- ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြသဖြင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

- ကျေးရွာရှိ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်၊ ဆိုင်ကယ်ကယ်ရီ၊ စျေးရောင်း၊ ခေါင်းရွက်ဗျက်ထိုးနှင့် လက်သမား၊ပန်းရံစသည့် ကျပန်းလုပ်ငန်းများဖြစ်ပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ချေကိုက်မှု အနည်းအကျဥ်းမှ အသင့်အတင့်အနေအထားတွင်သာ ရှိကြပါသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ချေကိုက်မှု နည်းပါးသည်။
- ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ အရေအတွက်မှာ များပြားသဖြင့် ၎င်းအခြေအနေမှာ ကျွန်ုပ်တို့ကျေးရွာ၏ ရေရှည်အလားအလာကောင်းတစ်ရပ်ပင်ဖြစ်ပါသည်။ လုပ်သားများတွင် အချို့မှာ မြို့ပေါ်သို့ သွားရောက် အလုပ်လုပ်ကိုင်ကြရုံသာမက ပြည်ပနိုင်ငံများသို့လည်း ရှိကြပါသည်။ မိမိတို့ကျေးရွာတွင်လည်း ကျပန်းအလုပ်များကို လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

- ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးဘဏ်မှ ချေးငွေကို တစ်နှစ်အတိုးနှုန်းဖြင့် (၁)ဧက ကျပ်(၂၀၀၀၀၀) နှုန်းဖြင့် အများဆုံး(၁၀)ဧက အတွင်းသာ ချေးယူနိုင်ကြသည်။ (၁၀)ဧကအထက်ရှိသော လယ်သမားများမှာ ငွေကြေးအခက်အခဲရှိပါသည်။ ပဲသီးနှံစိုက်ပျိုးရန်အတွက် ချေးငွေမှာ (၁)ဧကလျှင် ကျပ် (၁၅၀၀၀၀) နှုန်းဖြင့်သာ ချေးယူနိုင်သဖြင့် ငွေကြေးလုံလောက်မှုမရှိပါ။ စပါးပေါ်ချိန်တွင် လယ်ထွက်စပါးများကို ကျစျေးဖြင့် ရောင်းချရခြင်း၊ ငွေတိုးပေးစားသူအချို့ထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးငှားရခြင်းနှင့် စိုက်ပျိုးရေးဆေးဓါတ်မြေဩဇာများကို ကုမ္ပဏီများမှ အကြွေးစနစ်ဖြင့် ရောင်းချပေးသဖြင့် စျေးကြီးပေးဝယ်ရပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုရရန် အထူးလိုအပ်ပါသည်။ ကျေးရွာသူ/သားအများစုသည် ချေးငွေကို ငွေတိုးချေးစားသူများထံမှ အကြွေးစနစ်ဖြင့် သော်လည်းကောင်း ဝယ်ယူရခြင်း၊ မိတ်ဆွေမိသားစုများထံမှ သော်လည်းကောင်း၊

အလုပ်သမားခေါင်းဆောင်များထံမှ လုပ်အားခ ကြိုတင်တောင်းခံ၍သော်လည်းကောင်း၊ အကြောင်းအရင်းမျိုးစုံဖြင့် စားနပ်ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေးအတွက် ချေးယူကြပြီး အထူးအားဖြင့် စားနပ်ရိက္ခာအတွက် ချေးယူရခြင်းများ များပြားသဖြင့် ကျေးရွာတွင် ချေးငွေလိုအပ်မှုများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၇။ <u>အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ</u>

သာဂရကျေးရွာရှိ ကျေးရွာသူ/သားများအနေဖြင့် ၂၀၀၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော (၅၂၀'x၄'x၃") အတိုင်းအတာရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းနှင့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော(၇၀၀'x၇'x၄") အတိုင်းအတာရှိ ကွန်ကရစ်ချဉ်းကပ်လမ်းများအား နေ့စဉ်ပုံမှန် အသုံးပြုလျက်ရှိကြပါသည်။ ကျေးရွာတွင်းလမ်းမှာ ကွန်ကရစ်ခင်း လမ်းအမျိုးအစားဖြစ်ပြီး အချိန်ကာလကြာမြင့်စွာ အသုံးပြုနေခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုအနည်းငယ်ဖြစ်ပေါ်နေသဖြင့် လက်ရှိ လမ်းအရည်အသွေးမှာ အသင့်အတင့်ပင်ဖြစ်ပါသည်။ စီးပွားရေး၊ ကျန်းမာရေးကိစ္စများဖြင့် သွားလာမည်ဆိုပါက အနီးဆုံးအနေဖြင့် တံတားမြို့ပေါ်နှင့် သုံးခွမြို့ပေါ်သို့ သုံးဘီးဆိုင်ကယ်၊ ကားတို့ဖြင့် သွားလာရပါသည်။

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

- ကျေးရွာအတွင်းရှိ အချို့လမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် အလွန်ဆိုးဝါးစွာသွားလာရသဖြင့် လူမှုရေး၊ စီးပွားရေး၊ပညာရေးနှင့် အခြားရောင်းဝယ်ရေးကိစ္စများတွင် အလွန်ပင် ခက်ခဲလှပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စုပေါင်းကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာသူ/သားများ သွားလာရလွယ်ကူစေရေး မြေသားလမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါသည်။ ၎င်းမြေသားလမ်းပေါ်တွင် ကွန်ကရစ်လမ်းခင်းခြင်းဖြင့် အဆင့်မြှင့်တင်ပေးနိုင်ပါရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ကူညီထောက်ပံ့ပေးပါရန် တင်ပြတောင်းခံအပ်ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

- သာဂရကျေးရွာတွင် လျှပ်စစ်မီးအား ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့ပါသည်။ ကျေးရွာရှိ အိမ်ခြေအများစုမှာ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အား ရယူသုံးစွဲကြပါသည်။ ကျပန်းလုပ်ငန်း လုပ်ကိုင်စားသောက်၍ အဆင်မပြေသည့် အိမ်ထောင်စုအနည်းစုတွင်မူ လျှပ်စစ်မီး မရရှိသေးကြောင်း သိရှိရပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

- ကျေးရွာလူထု၏ဆက်သွယ်ရေးမှာ မိုဘိုင်းဖုန်းများကို အသုံးပြု၍ စျေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီစွာ အသုံးပြုနိုင်ကြပါသည်။ ရွာသားများသည် နေ့စဉ်ထုတ် သတင်းစာ၊ ဂျာနယ်အသစ်များကို ဝယ်ယူနိုင်စွမ်းမရှိသော်လည်း အဟောင်းများကို မြို့ပေါ်တွင်နေထိုင်သော မိတ်ဆွေများထံမှ အကူအညီ အထောက်အပံ့များ ရရှိပါသည်။ တယ်လီဖုန်းနှင့်ဆက်သွယ်ရေးမှာ တစ်ရွာလုံး အတိုင်းအတာအနေဖြင့် အတော်အသင့် ကောင်းမွန်ကြောင်း သိရှိရပါသည်။

**၈။ <u>ပညာရေး</u>**

သာဂရကျေးရွာတွင် စာသင်ကျောင်းအနေဖြင့် အလယ်တန်းကျောင်းတစ်ကျောင်းရှိကာ ကျေးရွာရှိ ကလေးသူငယ်များအား မူလတန်းအဆင့်မှစ အလယ်တန်းအဆင့်ပညာရေးထိ သင်ကြားပေးလျက်ရှိပါသည်။ အလယ်တန်းကျောင်းတွင် အလျား(၁၀၀)ပေ၊ အနံ(၃၀)ပေအတိုင်းအတာရှိ ကျောင်းဆောင်နှင့် အလျား(၆၀)ပေ၊ အနံ(၃၀)ပေအတိုင်းအတာရှိ ကျောင်းဆောင်ဟူ၍ စာသင်ဆောင်(၂)ဆောင်ရှိပါသည်။ ကျောင်းဆောင်များအားလုံးအား သွပ်မိုး၊ အုတ်နံရံကာရံထားပြီး ကျောင်းသုံးပရိဘောဂလုံလောက်မှုလည်း ရှိပါသည်။ အထက်တန်းအဆင့်ပညာရေး သင်ကြားနိုင်ရေးအတွက် အနီးနားရှိ တံတားမြို့နယ်၊ ပုတ္တလုတ်ကျေးရွာ၊အထက်တန်းကျောင်းသို့ သွားရောက်သင်ယူကြပါသည်။

**၉။ <u>ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး</u>**

သာဂရကျေးရွာသူ/ကျေးရွာသားများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် ကျေးရွာတွင် ပင်တိုင်သားဖွားဆရာမ(၁)ဦးနှင့် အခြားသော ကျန်းမားရေးဝန်ထမ်းအချို့ဖြင့် ဖွဲ့စည်းထားသော ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုရှိပါသည်။ ဖျားနာခြင်း ကျန်းမာရေးကိစ္စရပ်များအား ဆေးပေးခန်းတွင်သာ ကုသလျက်ရှိပြီး ပြင်းထန်ရောဂါများအတွက် ကျေးရွာမှ (၇)မိုင်ခန့် ကွာဝေးသော တံတားမြို့နယ်တိုက်နယ်ဆေးရုံသို့လည်းကောင်း၊ (၁၅)မိုင်ခန့်ကွာဝေးသော သုံးခွမြို့ နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ကုသကြရပါသည်။ ကျေးရွာအတွင်းနေထိုင်သူ ရွာသူ/ရွာသားများအားလုံးမှာ အညစ်အကြေးစွန့်ပစ်ခြင်းအတွက် ယင်လုံအိမ်သာများအား စနစ်တကျဆောက်လုပ်ပြီး စည်းကမ်းတကျအသုံးပြုကြသောကြောင့် ယင်းနှင့်ဆက်စပ်သော ရောဂါဖြစ်ပွားမှု များမှာ အလွန်နည်းပါးသည်။ သောက်သုံးရေကို မိုးရေမှစနစ်တကျသိုလှောင်၍ သိုလှောင်ထားသည်များ ကုန်ဆုံးပါက အများသုံး သောက်ရေကန် (၂)ကန်မှ ရေများအား ဆက်လက် အသုံးပြုကြပါသည်။

**၁၀။ <u>ဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး</u>**

သဘာဝဘေးအန္တရာယ်များဖြစ်သော သာမာန်ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများ ရှိတတ်သော်လည်း နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ဆိုးရွားသော ကြီးကြီးမားမားဖြစ်စဉ်များ မရှိတော့ပါ။ ကျေးရွာဖြစ်၍ နေအိမ်များမှာ တစ်အိမ်နှင့်တစ်အိမ် အကွာအဝေးခြားနားခြင်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း မရှိပါ။ မိမိတို့ကိုယ်တိုင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ဟောပြောပွဲများ ပြုလုပ်ခြင်းများ လိုအပ်ပါသည်။

## ၁၁။ သာဂရကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် ဦးစားပေး စီမံချက်များ

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ | ၂၀၂၈-၂၀၂၉ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းအားကွန်ကရစ်ခင်းရန်(၉၀၀'x၈'x၆") | ၁ | √ | | | | |
| ၂ | ကျေးရွာကုန်ထုတ်မြေသားလမ်း ဖောက်လုပ်ပေးရန်(၄၇၀၀'x၁၈') | ၂ | | √ | | | |
| ၃ | အများသုံးသောက်ရေကန်(၃)ကန်အား ခြံစည်းရိုး ကာရံခြင်း (၁၂၀၀'x၅')၊(၈၅၀'x၅') နှင့်(၇၅၀'x၅') | ၃ | | | √ | | |
| ၄ | ကျေးရွာတွင်းချဉ်းကပ်လမ်းအား ကွန်ကရစ်ခင်းခြင်း (၇၀၀'x၈'x၆") | ၄ | | | | √ | |
| ၅ | ကျေးရွာအတွင်းရှိလမ်းသွယ်(၂)လမ်း ကွန်ကရစ်လမ်းဆောင်ရွက်ခြင်း (၁၃၀၀'x၈'x၆")၊ (၁၄၀၀'x၈'x၆")၊ ကျေးရွာတွင်း ကွန်ကရစ်တံတား (၁၂'x၅'x၅")တည်ဆောက်ခြင်း | ၅ | | | | | √ |

**သုံးခွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**သာဂရကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီဝင်များစာရင်း**

| စဉ် | ကျေးရွာ | အမည် | အဘအမည် | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | အလုပ်အကိုင် | ရာထူး | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | သာဂရ | ဦးကျော်သူ | ဦးမြင့်ဆွေ | ဆုပ်ဂ.ဓ.၁၃၃၈ | ၁၂/သခန(နိုင်)၁၀၄၈၂၂ | ၆ တန်း | လယ် | ဥက္ကဋ္ဌ | ၀၉-၇၈၁၀၇၈၇၄၉ | |
| ၂ | | ဦးတင်လင်း | ဦးပြုံးချို | တော်သလင်းလဆန်း ၁၂ ၁၃၂၉ | ၁၂/သခန(နိုင်)၀၆၂၃၂၇ | ဘ/က | လယ် | အတွင်းရေးမှူး | | |
| ၃ | | ဦးငြိမ်းချမ်းမိုး | ဦးကြည်ရွှင် | ၂၉.၅.၁၉၈၇ | ၉/ငဇန(နိုင်)၀၇၅၅၁၈ | ၁၀ တန်း | လယ် | စာရင်းကိုင် | ၀၉-၇၉၇၇၆၁၁၆၁ | |
| ၄ | | ဦးတင်ရွှေ | ဦးတင်ရှိန် | ၄.၁၂.၁၉၇၃ | ၁၂/သခန(နိုင်)၀၉၃၆၁၀ | ၄ တန်း | လယ် | ဝယ်ယူရေးဥက္ကဋ္ဌ | | |
| ၅ | | ဒေါ်စန်းရီ | ဦးမောင်လေး | ကဆုန်လဆုတ် ၁၃.၁၃၂၈ | ၁၂/သခန(နိုင်)၀၂၄၆၁၇ | ၄ တန်း | လယ် | ဘဏ္ဍာရေးမှူး | | |
| ၆ | | ဒေါ်ဥ | ဦးထွန်းရီ | ဆန်း ၇.၁၁ ၁၃၃၀ | ၁၂/သခန(နိုင်)၁၂၅၆၁၀ | ၄ တန်း | လယ် | အဖွဲ့ဝင်(ဘဏ်) | | |
| ၇ | | ဒေါ်ကေသီစိုး | ဦးရွှေသိန်း | ဝါဆိုလဆန်း ၁၁.၁၃၄၂ | ၁၂/သခန(နိုင်)၁၇၃၅၈၄ | ၄ တန်း | လယ် | အဖွဲ့ဝင် | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၂ | ၅ | | |
| ၁ နှစ် မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅ | ၁၀ | ၁၅ | | |
| ၅ နှစ် မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၄၁ | ၄၅ | ၈၆ | | |
| ၁၀ နှစ် မှ ၁၄ နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၄၇ | ၃၈ | ၈၅ | | |
| ၁၅ နှစ် မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၃၅ | ၃၄၃ | ၆၅၆ | | |
| ၆၅ နှစ် နှင့်အထက် | သက်ကြီးရွယ်ကြီး | ၁၈ | ၂၂ | ၄၀ | | |
| **စုစုပေါင်း** | | **၄၄၉** | **၄၆၀** | **၉၀၉** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | ၂၀၇ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအုပ်စုအတွင်း အိမ်ထောင်စု(၂၀၇)စု၊ လူဦးရေ(၉၀၉)ဦး နေထိုင်လျက်ရှိပြီး ၁-နှစ် မှ ၅-နှစ်မပြည့်မီ ကလေးများအတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ၆၅-နှစ်အထက် သက်ကြီးရွယ်အိုများအား နှစ်စဉ် သက်ကြီးပူဇော်ပွဲပြုလုပ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် | ရပ်တည်နိုင်မှု (မှတ်ချက်ကို |
|---|---|---|---|---|---|---|---|
| | | အိမ် | မိ | အမျိုးသမီး | ဦးရေ | | |

| | | ထောင်စု | သား စုဝင် လုပ် အား | ဦးဆောင် သည့်အိမ် ထောင်စု | ကျား | မ | သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေး ရန်။) |
|---|---|---|---|---|---|---|---|---|
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၁ | | ၂ | ၈၁ | ၈ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃၃ | | ၁၂ | ၁၆၁ | ၃၈ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေး ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေး ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေး ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | **စုစုပေါင်း** | ၂၀၄ | | ၁၄ | ၂၄၂ | ၄၆ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးလယ်ယာများ အသင့်အတင့်ကျယ်ဝန်းသဖြင့် အထွက်တိုးမျိုးကောင်းမျိုးသန့်များ လိုအပ်ပါသည်။ လယ်ယာမြေလုပ်ကိုင်သည့် တောင်သူများအား အမှီပြု နေထိုင်သည့် ကျပန်းအလုပ်သမားများစွာလည်း ရှိပါသည်။ အထည်ချုပ်အလုပ်ဆင်းသူများလည်း အထိုက် အလျောက် ရှိကြပါသည်။ သို့သော် နေ့စဉ်ဘဝရပ်တည်မှုအတွက် စိတ်ချသေချာသော အလုပ်အကိုင်များ ရရှိရန် အရင်းအနှီးများ လိုအပ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(ခ-၂) လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၇၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း (၁) ရပ်မိရပ်ဖအုပ်စု (၂) အမျိုးသမီးအုပ်စု (၃) လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နေ့စားအလုပ်သမားများသည် နေ့စဉ်ပုံမှန်အလုပ်လုပ်ရခြင်းမဟုတ် ရာသီအလိုက်လုပ်ကိုင်စားသောက်ခြင်းမျိုး တွေ့ရှိရပါသည်။ လုပ်အားခနှုန်းထားများမှာ ကျားမတန်းတူညီမျှမရှိပါ။ နေ့စားအလုပ်သမားများအနေဖြင့် နေ့စဉ်အလုပ်ပုံမှန်မရရှိပါသောကြောင့် ငွေကြေးအခက်အခဲ ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၈၀၇ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနီတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၈၀၇ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် ရာသီပေါ်သီးနှံစိုက်ပျိုးသူ အနည်းစုရှိပြီး မိမိခြံဝန်းအတွင်းသာ အနည်းငယ် စိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေများရှိ မြေဆီလွှာအရည်သွေးမှာ အသင့်အတင့်ရှိပါသည်။**

.

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**
**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သတ္တုနှင့် အခြားသယံဇာတများ ထွက်ရှိခြင်းမရှိပါ။**

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၈၃ | ၃၆ | ၁၃၃ | ၂၁ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စုများအနက် မပြေလည်သော အိမ်ထောင်စုများမှာ လက်လုပ်လက်စား နေ့စားများဖြစ်ကြပြီး (၁)ဦးအလုပ်လုပ်မှ (၃)ဦး စားသောက်နေထိုင်နေရသူများ ဖြစ်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများမှာ လုပ်အားခကြိုတင်ထုတ်ယူသူများနှင့် အလုပ်ပုံမှန် မရရှိသူများနှင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအ ရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုအ ရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | ၃၈ | ၂ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၂၀<br>လုပ်အားခကြိုယူ = ၁၈ |
| ၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု | ၅၁ | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၄၁ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | လုပ်အားခကြိုယူ = ၁၀ |
| ဖြစ်မှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၂၀၉ | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သောအိမ်ထောင်စုမှာ အသင့်အတင့်ရှိပြီး ကျပန်းအလုပ်သမားများစွာကိုလဲ တွေ့ရပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများအနက် ဥစ္စာဓနအဆင့်(၃)နှင့်(၄)ရှိ အိမ်ထောင်စုများမှ ဝမ်းစာဖူလုံစေဖို့အတွက် လုပ်အားခကြိုတင်ထုတ်ယူခြင်း၊ စျေးအကြွေးဝယ်ယူခြင်း၊ ငွေကြေးများ ချေးယူခြင်းများဖြင့် ၎င်းတို့၏ အခက်အခဲများကို ဖြေရှင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၌နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် (၆၄)နှစ်အထက် သက်ကြီးရွယ်အိုများလည်းရှိပြီး သားသမီးမြေးများနှင့်အတူ နေထိုင်ကြသူများသာ လေ့လာတွေ့ရှိရပါသည်။
(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | | |
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | ✓ | | | | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | |
| ၄ | ဆူနာမီ | ✓ | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | |
| ၆ | လေဆင်နာမောင်း | ✓ | | | | | |
| ၇ | ငလျင် | ✓ | | | | | |
| ၈ | အပူလှိုင်း | | ✓ | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | ✓ | | | | |
| ၁၀ | အအေးလှိုင်း | | ✓ | | | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✓ | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | | | |
| ၂၁ | ၄က်ဖျားရောဂါ | ✓ | | | | | |
| ၂၂ | တီဘီရောဂါ | ✓ | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | |
| ၂၄ | ကပ်ရောဂါ | ✓ | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခြင်းစသည့် သဘာဝဘေးများဖြစ်ပေါ်ပါက ကျေးရွာရှိ အိမ်ထောင်စုအနည်းငယ်မျှသာ ထိခိုက်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှာ ဆင်းရဲသော ကျပန်းအလုပ်သမားများနေထိုင်ရာဖြစ်သည့်အတွက် အကာအကွယ် အလုံအလောက်မရှိသောကြောင့် ဖြစ်ပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | ✓ | | ✓ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | ✓ | | | ✓ | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | ✓ | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြော သောဒေသတွင်နေထိုင်သူ | ✓ | | | ✓ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | √ | | | √ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | √ | | | √ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | √ | | | √ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | √ | | | √ | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | | √ | | | √ | |
| ၁၁ | လူနည်းစုလူမျိုးများ | √ | | | √ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | √ | | | √ | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | √ | | | √ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | √ | | | √ | | |
| ၁၅ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | √ | | | √ | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | √ | | | √ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | √ | | | √ | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | √ | | | √ | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အခြေခံအားဖြင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။ လယ်ယာမြေပိုင်ဆိုင်သူများရှိသကဲ့သို့ လယ်ယာမဲ့လက်လုပ်လက်စားများလည်းရှိပြီး စျေးကွက်မရှိခြင်း၊ စားသောက်ကုန်များ စျေးနှုန်းတက်ခြင်းကြောင့် ဝင်ငွေထွက်ငွေမညီမျှ၍ လက်လုပ်လက်စားများ အနေဖြင့် ထိခိုက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဂေါပက အဖွဲ့ | ၁□၂□၃□ | | | | ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□ သင့်□ ညံ့□ |
| ၂ | ရွာလုံးကျွတ်အသင်း | ၁□၂□၃□ | | | | ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□ သင့်□ ညံ့□ |
| ၃ | | ၁□၂□၃□ | | | | ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□ သင့်□ ညံ့□ |
| ၄ | | ၁□၂□၃□ | | | | ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□ သင့်□ ညံ့□ |
| ၅ | | ၁□၂□၃□ | | | | ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□ သင့်□ ညံ့□ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာရွေး ရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေး နိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | | ၁□၂□၃□ | | | | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□<br>သင့်□<br>ညံ့□ |
| ၇ | | ၁□၂□၃□ | | | | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□<br>သင့်□<br>ညံ့□ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆင်းရဲနွမ်းပါး၍ ဖွံ့ဖြိုးမှုနောက်ကျနေသည့်အားလျော်စွာ သာသနာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ကြရသည့် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များ၊ အလုပ်သမားခေါင်းအဖွဲ့များနှင့် ဂေါပကအဖွဲ့များသာရှိသေး၍ အခြားပရဟိတနှင့် ဖွံ့ဖြိုးရေးအဖွဲ့များ လိုအပ်နေသေးသည်ကို တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

